မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၅၂] ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်) } သောကြာနေ့ [အတွဲ ၇၈

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် (၁၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့်လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅–က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် (၁၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် (၁၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

## ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်းခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိသည့် အားလျော်စွာ ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ၅၅၈၀ ဦးတို့၏ ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်း၍ တရားခံ များအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ် (၄၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**တာဝန်မှ ရပ်စဲခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်စင် အား တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)

**၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉၃/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သော **၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ** တွင် ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန **အစား** ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် အုပ်ချုပ်မှုစရိတ် သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်း အခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် အား စွမ်းအင်ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ အငြိမ်းစားယူပြီးဖြစ်ပါသဖြင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုး အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းခံရသူ ဦးထက်သျှန်ဖြိုးသည် စွမ်းအင်ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၏တာဝန်များကိုပါ တာဝန်ခံဆောင်ရွက်ရသည့်အတွက် လစဉ်အုပ်ချုပ်မှုစရိတ် ၂၀၀,၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ) ကို ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

**နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် **နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်လူငယ်ရေးရာကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဥက္ကဋ္ဌ/ ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

(ခ) အဖွဲ့ဝင်/ လူမှုရေးရာဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ဂ) အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(ဃ) တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(င) တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန

(စ) တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

| | | |
|---|---|---|
| (ဆ) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူး<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူး<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | တိုင်းဒေသကြီး/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>မြန်မာနိုင်ငံကင်းထောက်အမျိုးသားအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ | အဖွဲ့ဝင် |
| ( ဒ ) | ကိုယ်စားလှယ် ( ၁ ) ဦး<br>တိုင်းဒေသကြီး/ပြည်နယ်<br>ကြက်ခြေနီကြီးကြပ်မှုကော်မတီ | အဖွဲ့ဝင် |
| ( ဓ ) | ကိုယ်စားလှယ် (၁) ဦး<br>လူငယ်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( န ) | ကိုယ်စားလှယ် (၁) ဦး<br>အမျိုးသမီးငယ်ရွယ်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ပ ) | ကိုယ်စားလှယ် (၁) ဦး<br>မသန်စွမ်းလူငယ်ကိုယ်စားလှယ် | အဖွဲ့ဝင် |

( ဖ ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီး/ပြည်နယ်လူငယ်ရေးရာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

( ဗ ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

၂။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ပါ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီက တာဝန်ယူ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

( ခ ) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လူငယ်ရေးရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးရမည်။

( ဂ ) သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်လူငယ်ရေးရာကော်မတီများမှ တင်ပြလာသော ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို တာဝန်ခံမှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီတွင် ဆွေးနွေးတင်ပြရမည်။

၃။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၉၃၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးအောင်ကိုကိုထက် တ/ ၃၄၃၄ | ပေါက်ခေါင်း ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဒေါ်အိသူဇာမြင့် တ/ ၃၅၇၅ | ပွင့်ဖြူ မကွေးတိုင်းဒေသကြီး |

သာဌေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

**အမိန့်ကြော်ငြာစာအမှတ် (၅၁/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၅ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် အစမ်းခန့်ခြင်းခံရသည့် ဒေါ်ဆုမွန်လွင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/ မဂဒ (နိုင်) ၁၇၇၃၆၈] ကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်ခဲ့သည့် အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ် (၁၅) သို့ တက်ရောက်အောင်မြင်ပြီးဖြစ်ပါသဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံတကာဆက်ဆံရေးဌာနခွဲတွင် အတည်ပြုခန့်ထားလိုက်သည်။

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

**ဦးစီးအရာရှိရာထူး တိုးမြှင့်ခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၁၉) ဦးတို့အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ယင်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ကော်ခွဲရုံး၊ ဌာန/ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ကော်ခွဲရုံး၊ ဌာန/ဌာနခွဲ |
|---|---|---|
| (၁) | ဒေါ်သန်းသန်းထွေး<br>ဒုတိယဦးစီးမှူး<br>ဂန့်ဂေါခရိုင် | ဦးစီးအရာရှိ<br>ပုသိမ်ခရိုင် |
| (၂) | ဦးလင်းလင်းထွန်း<br>ဒုတိယဦးစီးမှူး<br>ကျွန်းစုမြို့နယ် | ဦးစီးအရာရှိ<br>ကရင်ပြည်နယ် |
| (၃) | ဦးအောင်နိုင်ဝင်း<br>ဒုတိယဦးစီးမှူး<br>ဂန့်ဂေါမြို့နယ် | ဦးစီးအရာရှိ<br>ဘောလခဲခရိုင် |
| (၄) | ဒေါ်ထက်ထက်ဇော်<br>ဒုတိယဦးစီးမှူး<br>မင်းဘူးခရိုင် | ဦးစီးအရာရှိ<br>ဥပဒေရေးရာဌာနစု |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ကော်ခွဲရုံး၊ ဌာန/ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ကော်ခွဲရုံး၊ ဌာန/ဌာနခွဲ |
|---|---|---|
| (၅) | ဒေါ်ခင်လှရီ<br>ဒုတိယဦးစီးမှူး<br>စစ်တွေခရိုင် | ဦးစီးအရာရှိ<br>ကျောက်ဖြူခရိုင် |
| (၆) | ဒေါ်ရင်ရင်မြ<br>ဒုတိယဦးစီးမှူး<br>စဥ့်ကိုင်မြို့နယ် | ဦးစီးအရာရှိ<br>ဖာပွန်ခရိုင် (ကရင်ပြည်နယ်တွဲဖက်) |
| (၇) | ဦးမင်းမင်းနိုင်<br>ဒုတိယဦးစီးမှူး<br>ကသာခရိုင် | ဦးစီးအရာရှိ<br>ကသာခရိုင် |
| (၈) | ဒေါ်သီသီထွေး<br>ဒုတိယဦးစီးမှူး<br>ပွင့်ဖြူမြို့နယ် | ဦးစီးအရာရှိ<br>သီပေါမြို့နယ် |
| (၉) | ဦးစည်သူ<br>ဒုတိယဦးစီးမှူး<br>ကြည့်မြင်တိုင်မြို့နယ် | ဦးစီးအရာရှိ<br>မြဝတီခရိုင် |
| (၁၀) | ဒေါ်ဟန်သင်းလှိုင်<br>ဒုတိယဦးစီးမှူး<br>ဒိုက်ဦးမြို့နယ် | ဦးစီးအရာရှိ<br>ဒိုက်ဦးမြို့နယ် |
| (၁၁) | ဦးရွှေကျွန်<br>ဒုတိယဦးစီးမှူး<br>ဗန်းမောက်မြို့နယ် | ဦးစီးအရာရှိ<br>ဗန်းမောက်မြို့နယ် |
| (၁၂) | ဦးကျော်စိုးအောင်<br>ဒုတိယဦးစီးမှူး<br>ဝမြို့နယ် | ဦးစီးအရာရှိ<br>တောင်ကြီးမြို့နယ် |
| (၁၃) | ဒေါ်သီသီဝင်း<br>ဒုတိယဦးစီးမှူး<br>ဒက္ခိဏခရိုင် | ဦးစီးအရာရှိ<br>ဒက္ခိဏသီရိမြို့နယ် |
| (၁၄) | ဦးအောင်ပြည့်ဖြိုးသူ<br>ဒုတိယဦးစီးမှူး<br>လက်ပံတန်းမြို့နယ် | ဦးစီးအရာရှိ<br>တောင်ငူမြို့နယ် |
| (၁၅) | ဒေါ်ရီမွန်အောင်<br>ဒုတိယဦးစီးမှူး<br>မြောင်မြို့နယ် | ဦးစီးအရာရှိ<br>ကန့်ဘလူမြို့နယ် |
| (၁၆) | ဒေါ်ခိုင်သီတာညွန့်<br>ဒုတိယဦးစီးမှူး<br>စမ်းချောင်းမြို့နယ် | ဦးစီးအရာရှိ<br>လမ်းမတော်မြို့နယ် |
| (၁၇) | ဒေါ်စုမြတ်အောင်<br>ဒုတိယဦးစီးမှူး<br>မြောက်ဦးခရိုင် | ဦးစီးအရာရှိ<br>ကျောက်ဖြူမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ကော်ခွဲရုံး၊ ဌာန/ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ကော်ခွဲရုံး၊ ဌာန/ဌာနခွဲ |
|---|---|---|
| (၁၈) | ဒေါ်အေးအေးမိုး<br>ဒုတိယဦးစီးမှူး<br>အစည်းအဝေးဌာနစု | ဦးစီးအရာရှိ<br>မဲစာရင်းနှင့် EVM ဆိုင်ရာဌာနခွဲ |
| (၁၉) | ဒေါ်သီတာဝင်း<br>ဒုတိယဦးစီးမှူး<br>ကော်မရှင်အဖွဲ့ခွဲများ၏ ငွေစာရင်းဌာနစု | ဦးစီးအရာရှိ<br>ပါတီကြီးကြပ်ရေးဌာနစု |

## အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၅)

## ဦးစီးအရာရှိရာထူး တိုးမြှင့်ခန့်ထားခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒေါ်စုလှိုင်သန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ အရ အထူးကိစ္စရပ်အနေဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ဖောင်းပြင်မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## ကြေညာချက်အမှတ် (၁၄၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

## ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁) ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည် | ကော်မရှင်အဖွဲ့ခွဲတာဝန် |
|---|---|---|
| (၁) | ဦးစန်းယု | ဥက္ကဋ္ဌ |
| (၂) | ဦးသိန်းနိုင် | အဖွဲ့ဝင် (၂) |

## ကြေညာချက်အမှတ် (၁၄၆/၂၀၂၅)

## ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးဝင်းလှိုင် ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## ကြေညာချက်အမှတ် (၁၄၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

### ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါက်တာ ထင်လင်းအောင် ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## ကြေညာချက်အမှတ် (၁၄၈/၂၀၂၅)

### မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးဆွေဒင်လာလ်ထန် ကို ချင်းပြည်နယ်၊ တီးတိန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## ကြေညာချက်အမှတ် (၁၄၉/၂၀၂၅)

### မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌ လွှဲပြောင်းတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးထက်မြတ်အောင် ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## ကြေညာချက်အမှတ် (၁၅၀/၂၀၂၅)

### မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးမြင့်စိုး ကို ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

## ကြေညာချက်အမှတ် (၁၅၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

### ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင်စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) တွင်ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ၅၆/၂၀၂၅ ဖြင့်လည်းကောင်း၊ အပိုင်း (၂) တွင်ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်စာရင်းကို ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ၁၄၁/၂၀၂၅ ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်(မြို့နယ်) ၅၆ မြို့နယ်စာရင်းကို ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ၁၀၃/၂၀၂၅ ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့်

လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၂၈-၁၀-၂၀၂၅ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၂၆-၁၂-၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီအထိ)** ခွင့်ပြုကြောင်း ၁၅-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် ၁၃၄/၂၀၂၅ ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းသို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စား လှယ်လောင်းတစ်ဦးဦးအား လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် ၅၆ မြို့နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များအားလုံးတွင် **၂၆ - ၁၂ - ၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၂၈-၁၂-၂၀၂၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲ အပိုင်း (၁) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၆-၁၂-၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း (၂) တွင်ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြော ခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး **၉-၁-၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၁၁-၁-၂၀၂၆ ရက်နေ့ အပိုင်း (၂) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရပ်နား ထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၉-၁-၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း (၃) အတွက် သတ်မှတ်ရက်များအား ဆက်လက်ထုတ်ပြန် ကြေညာပေးမည်ဖြစ်ပါသည်။

၄။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗွီနိုင်းပိုစတာများ စိုက်ထူချိတ်ဆွဲခြင်း၊ စုဝေးဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က နှင့် နည်းဥပဒေ အခန်း (၁၀) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း (၁) နှင့် (၂) မြို့နယ်များ အတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို အပိုင်းလိုက် မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၅။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ် ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင် သာယာရေးကော်မတီများနှင့်ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင်ကျင်းပပြုလုပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၅) ၏ သဘောတူညီချက်အရ ဤကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာ နှင့် တားဆီးကာကွယ်ရေးဦးစီးဌာန၊ နိုင်ငံတကာရေးရာဌာနခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း

(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝေယံဦး အား စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်း၊ တိုင်ကြားစာနှင့် မှတ်တမ်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

လွင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

### ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lot. 19-A Jasmine Place မြေ ၀.၁၇၂ ဧကနှင့် အဆောက်အဦကို လွှဲပြောင်းရောင်းချခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၁၃) ကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lot. 19-A Jasmine Place မြေ ၀.၁၇၂ ဧကနှင့် အဆောက်အဦကို အမြင့်ဆုံးဈေးနှုန်း ကျပ် ၂,၃၇၆.၉ သန်းဖြင့် အဆိုပြုသူ ဦးဘသိန်း သို့ ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးဘသိန်း သည် အဆိုပါ မြေနှင့် အဆောက်အဦတန်ဖိုး၏ (၅၀%) ငွေကျပ် ၁,၁၈၈.၄၅ သန်းကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့နှင့် ကျန်တန်ဖိုး၏ (၅၀%) ငွေကျပ် ၁,၁၈၈.၄၅ သန်းကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဘသိန်း သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးဘသိန်း အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အဦကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ Lot. 19-A Jasmine Place မြေ ၀.၁၇၂ ဧကနှင့် အဆောက်အဦကို ဝယ်ယူသူ ဦးဘသိန်း ၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

ကျော်ထင်
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

## ခရိုင်စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ) နှင့် နည်းဥပဒေများ၊ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ခ) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်နှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရိုင်စားသုံးသူရေးရာကော်မတီများကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကချင်ပြည်နယ်**

**ဗန်းမော်ခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ဃဃ | ခရိုင်ဦးစီးမှူး<br>ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) **စစ်ကိုင်းတိုင်းဒေသကြီး**

(၁) **ကလေးခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **မုံရွာခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခ ခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂ ဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| င င | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃) **ရွှေဘိုခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခ ခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂ ဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| င င | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ဂ ) **တနင်္သာရီတိုင်းဒေသကြီး**

(၁) **ကော့သောင်းခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခ ခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂ ဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| င င | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **မြိတ်ခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ခရိုင်ဦးစီးမှူး<br>ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (င) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) **မကွေးတိုင်းဒေသကြီး**

(၁) **ပခုက္ကူခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယရဲမှူးကြီး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **သရက်ခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယရဲမှူးကြီး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ဦးစီးမှူး<br>ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ခရိုင်တာဝန်ခံ<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃) မင်းဘူးခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ဃဃ | ဆေးရုံအုပ်ကြီး<br>ခရိုင်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ငင | ခရိုင်တာဝန်ခံ<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( င ) မန္တလေးတိုင်းဒေသကြီး

(၁) မိတ္ထီလာခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ဃဃ | ခရိုင်ဦးစီးမှူး<br>ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) ရမည်းသင်းခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ဃဃ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃) မြင်းခြံခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ဃဃ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ၈ ) မွန်ပြည်နယ်

(၁) မော်လမြိုင်ခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ဦးစီးမှူး<br>ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) သထုံခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(ဆ) **ရှမ်းပြည်နယ်**

(၁) **တောင်ကြီးခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **လွိုင်လင်ခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၃) **ကလောခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၄) မူဆယ်ခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၅) ကျိုင်းတုံခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ဦးစီးမှူး<br>ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ဇ ) **ဧရာဝတီတိုင်းဒေသကြီး**

(၁) ပုသိမ်ခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ဃဃ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) မြောင်းမြခရိုင်စားသုံးသူရေးရာကော်မတီ

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| ကက | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ခခ | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ဂဂ | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ဃဃ | ဆေးရုံအုပ်ကြီး<br>ခရိုင်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ငင | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ခရိုင်စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စားသုံးသူတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ ကနဦးစုံစမ်းမေးမြန်းခြင်းများကိုဆောင်ရွက်၍ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများသို့ တင်ပြခြင်း၊

(ခ) စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဃ) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များပြုစု၍ စားသုံးသူများသို့ ဖြန့်ဝေနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(င) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(စ) ဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီက စီမံခန့်ခွဲရေး နည်းလမ်းအရ ချမှတ်ထားသော အမိန့်များအပေါ် လိုက်နာမှု ရှိ မရှိ စိစစ်လေ့လာ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကော်မရှင်က ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအပေါ် လိုက်နာမှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီက အခါ အားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ချစ်ဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

**ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ နှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ** တို့ကို **ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ** အဖြစ် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အချို့သဘာဝဘေးများသည် ဖျက်အားကြီးမားလှသဖြင့် နိုင်ငံ၏ကဏ္ဍပေါင်းစုံကို ထိခိုက်ပျက်စီးသည့်အတွက် နိုင်ငံသားတိုင်းအပေါ် သက်ရောက်မှုရှိသည်ကို အသိပေးနိုင်ရေး ပုံမှန်အချိန်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်များကို မီဒီယာနည်းလမ်းများအသုံးပြု၍ ပြည်သူလူထုအသိပညာရရှိစေရေးဆောင်ရွက်ရန်၊

( ခ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်ပြသခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ UN, INGOs, NGOs အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

( ဂ ) သဘာဝဘေးအမျိုးအစားအလိုက် ကြိုတင်သတိပေးကွန်ရက်စနစ်များ တည်ဆောက်ထားရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ကြိုတင်သတင်းရရှိချိန်မှစ၍ သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေညာချက်များကို ပြည်သူလူထုထံသို့ ရောက်ရှိနိုင်သမျှနည်းလမ်းများသုံး၍ ထုတ်ပြန်ဆောင်ရွက်ပေးရန်၊

( င ) သဘာဝဘေးကြိုတင်သတိပေးချက်ရရှိချိန်မှစ၍ သဘာဝဘေးမကျရောက်မီ၊ ကျရောက်နေချိန်၊ ကျရောက်ပြီးနောက် ရရှိသောသတင်းအချက်အလက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရန်၊

( စ ) သဘာဝဘေးကျရောက်သည့်ဒေသများသို့ Mobile Team များစေလွှတ်၍ မြေပြင်သတင်းအချက်အလက်များ ရရှိရေးဆောင်ရွက်ရန်နှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဖြစ်ပွားပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာဖြင့် စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြပေးရန်၊

( ဇ ) သဘာဝဘေးဆိုးကြီးများကို ထိရောက်ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် အကျိုးတရားများ ဖော်ဆောင်နိုင်ခဲ့မှုကို ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်အတွက် နိုင်ငံတော်အဆင့်မှ ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ မှတ်တမ်းတင်ရိုက်ကူးထုတ်လွှင့်နိုင်ရေးဆောင်ရွက်ရန်၊

( ဈ ) ပိုမိုကောင်းမွန်သော နိုင်ငံတော်သစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံသားတိုင်း စုစည်းညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရေး လှုံ့ဆော်စည်းရုံးရန်၊

( ည ) နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာစေရန်၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို ထောက်ခံအားပေးလာစေရန်၊

( ဋ ) ပြည်သူလူထု၏ အခက်အခဲအရပ်ရပ်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာပိတ်ဆို့အရေးယူမှုများ၊ ပြည်ဖျက်မီဒီယာများကြောင့်သာဖြစ်ကြောင်း ပြည်သူလူထုက သဘောပေါက်နားလည်စေရန်၊

( ဌ ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်၌ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရှိစေရန်၊

( ဍ ) ပူးပေါင်းဆောင်ရွက်ရန်ဆန့်ကျင်ငြင်းဆိုမှုသည်ပြည်သူလူထု၏အတိဒုက္ခကိုလျစ်လျူရှုမှုသာဖြစ်ကြောင်း အသိပညာပေးဆောင်ရွက်ရန်၊ နိုင်ငံစီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စီးပွားရေးပိတ်ဆို့မှုများမှ ကျော်လွှားရန်၊

( ဎ ) သဘာဝဘေးကြောင့်ဖြစ်ပေါ်နေသည့် ကြောက်ရွံ့အားငယ်စိတ်၊ စိုးရိမ်စိတ်တို့ကို အစိုးရနှင့် တပ်မတော်အပေါ် ယုံကြည်အားကိုးစိတ်ဖြင့် အစားထိုး၍ စိတ်ဓာတ်တက်ကြွလာအောင် အားပေးလှုံ့ဆော်ရန်၊

(ဏ) ရုပ်ပိုင်းနှင့် စိတ်ပိုင်းခံစားမှုများကို ကုစားနိုင်ရန် အစိုးရနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်မှုအပေါ် ယုံကြည်အားကိုးလာစေရေးဆောင်ရွက်ရန်၊

(တ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ထ) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

( ဒ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၂ နှင့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၅ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဋ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

( ဓ ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ဒေသ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

( ခ ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးအစီအမံများ ကြိုတင်ရေးဆွဲထားရှိရန်၊

( ဂ ) ဒေသအလိုက်၊ ရာသီကာလအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်သင့်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြည်သူသို့ အကြံပေးရန်၊ လိုအပ်ပါက နည်းပညာပံ့ပိုးပေးရန်၊ သင်တန်းများပေးရန်၊ (ဥပမာ– ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သည့် မျိုးစပါးများ/ရေဒဏ်ခံနိုင်သည့် မျိုးစပါးများ စိုက်ပျိုးခြင်း၊ ရေကြီးနိုင်သည့်ဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်းအစား ရေတွင် အသက်ရှင်နိုင်သည့် ဘဲမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း။)

(ဃ) ဘေးသင့်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမတည်ပေးနိုင်ရေး၊ နည်းပညာပံ့ပိုးပေးရေး၊ လုပ်ငန်းလည်ပတ်နိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊

( င ) ပြန်လည်ထူထောင်ရေးအပိုင်းတွင် အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ပေးရမည့်အပိုင်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ရန်၊

( စ ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပညာရှင်

အဖွဲ့အစည်းများ၊ UN, INGOs, NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကွဲကွာသွားသောမိသားစုများ ပြန်လည်ပေါင်းစည်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဇ) ဘေးသင့်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရာတွင် ဘေးသင့်ဒေသများ၌ ရေရှည်တည်မြဲစေမည့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်၊

| (ဍ) | ဦးခိုင်ဦး | တာဝန်ခံ၊ ကချင်ပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၄ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၅)

## ကယားပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကယားပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးဇော်မျိုးတင် | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစိန်ဦး | စီးပွားရေးရာဝန်ကြီး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးရဲနိုင် | အတွင်းရေးမှူး<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးသန့်ဇင် | ပြည်နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစောခိုင်ဦး | ပြည်နယ်ဦးစီးမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးဝင်းကိုကို | ပြည်နယ်ဦးစီးမှူး<br>လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးစစ်အောင် | ပြည်နယ်ဦးစီးမှူး<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးစောနေခလီး | ပြည်နယ်အမှုဆောင်အရာရှိ<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင် (၁) ဦး | | အဖွဲ့ဝင် |
| (ည) | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း<br>ဒေသခံကိုယ်စားလှယ် (၃) ဦး | | အဖွဲ့ဝင် |
| (ဋ) | ဦးတေဇာမင်း | တာဝန်ခံ၊ ကယားပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။　ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။　ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၄ နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၅ တို့ကို ဤအမိန့် ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။　နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟို ကော်မတီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၆ (က) နှင့်အညီ **နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဗ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၂၃ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ဥက္ကဋ္ဌ
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

### ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဗိုလ်မှူးကြီး တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ဌာနကြီးမှူး<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

( ၉ ) တပ်ဖွဲ့မှူး အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

( ၁၀ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

( ၁၁ ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း

( ၁၂ ) တပ်ဖွဲ့မှူး အတွင်းရေးမှူး
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ကမ္ဘာလှည့်ခရီးသွားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာ့ခရီးသွားလုပ်ငန်းအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက် မပျက်ပြယ်စေရန်နှင့် ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်သည့်အခါ နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတို့ကို ထိပါးခြင်းမပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊

( ခ ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ၏ ရည်ရွယ်ချက်များအား ပုံပိုးမြှင့်တင်ဆောင်ရွက်ခြင်း၊

( ဂ ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ပထမအဆင့်အဖြစ် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးအဖွဲ့ (Foreigner Care Team) များ စုဖွဲ့တာဝန်ပေးခြင်း၊ ဒုတိယအဆင့် အင်အားတိုးချဲ့ခြင်း၊ နေရာတိုးချဲ့ဖွဲ့စည်းခြင်း၊ ယာဉ်များတိုးချဲ့ခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ခြင်း၊

(ဃ) ဤလုပ်ငန်းကော်မတီတွင်ပါရှိသော ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

( င ) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်မှုသင်တန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

( စ ) **ချက်ချင်းဆောင်ရွက်ရန်**

(၁) ရေဆိပ်၊ လေဆိပ်နှင့် နယ်စပ် ဝင်/ထွက်ပေါက်များမှ ဗီဇာဖြင့် ဝင်ရောက်လာသူများ၏ ကိုယ်ရေးမှတ်တမ်းများကို ရယူသတင်းပေးခြင်း၊

(၂) ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်းနှင့် နေခွင့်ကျော်လွန်နေထိုင်သူများကို သတင်းပို့၍ တစ်ပြိုင်တည်း အရေးယူခြင်း၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်သည့် ဟိုတယ်၊ မိုတယ်၊ Inn စက်ရုံ၊ အလုပ်ရုံ၊ တည်းခိုခန်း၊ နေအိမ်၊ တရားစခန်းတို့အား အရေးယူခြင်း၊

(၄) လေကြောင်းလိုင်းများနှင့် ပြည်တွင်းခရီးစဉ်များကို ဂရုပြုစောင့်ကြည့်ခြင်း။

(ဆ) **ကာလတိုဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားများ၏ ထူးခြားလှုပ်ရှားမှု သတင်းများအား တိုက်ရိုက်ဆက်သွယ်သတင်းပို့စနစ် ကျင့်သုံးခြင်း၊

(၂) နိုင်ငံခြားသားများအားကန့်သတ်နယ်မြေများသို့သွားလာခြင်းမပြုစေရေးကြပ်မတ်ထိန်းသိမ်းခြင်း၊

(၃) နိုင်ငံခြားသားများ သွားရောက်လည်ပတ်လေ့ရှိသော နေရာများတွင် Tourist Information Centre များ ထားရှိခြင်း၊

(၄) Disembarkatian Card တွင် တည်းခိုမည့်နေရာအား အမှန်ရရှိရေး စိစစ်ဆောင်ရွက်ခြင်း၊

(၅) မသင်္ကာဖွယ် ဟိုတယ်၊ မိုတယ်၊ Inn များကို စောင့်ကြည့်စိစစ်ခြင်း၊

(၆) နယ်စပ်ဒေသနှင့် ဆက်စပ်သောနေရာများကို Hot Spot Area သတ်မှတ်၍ စောင့်ကြည့်ခြင်း။

( ဇ ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ဆက်နွှယ်နေသည့် Website များနှင့် Link လုပ်ပေးထားခြင်း၊

(၂) ကမ္ဘာလှည့်ခရီးသည်များဝင်ရောက်စဉ် ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်ရယူပြီး Database Network တစ်ခု တည်ထောင်ထားခြင်း၊

(၃) Biometric Identification နည်းပညာကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

## သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူးကြီး တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| ( င ) | ဌာနကြီးမှူး<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဒုတိယတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ သံတမန်များကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမည်မည်းစာရင်းများ၊ စောင့်ကြည့်စာရင်းများအား နောက်ဆုံးအခြေအနေနှင့်အညီဖြစ်စေရန် ပြုစုဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ခ ) ပြည်ဝင်ဗီဇာထုတ်ပေးမှု စနစ်တကျဖြစ်စေရန် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ခြင်း၊

( ဂ ) သံတမန်များ ပြည်တွင်း၌ရှိနေစဉ် ကူညီစောင့်ရှောက်ရန်နှင့် တစ်ချိန်တည်းတွင် နိုင်ငံတော်၏ လုံခြုံရေးအား မထိပါးစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ကြီးကြပ်ရာတွင် လုံခြုံရေးအဖွဲ့များနှင့် သတင်းပေါင်းစပ်ဖလှယ်ရယူခြင်း၊

( င ) သံတမန်များ၏ လှုပ်ရှားမှု ကြိုတင်သတင်းများအား နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ တင်ပြခြင်း၊

( စ ) သံတမန်များ၊ သံတမန်အခွင့်အရေးခံစားသူများ၊ သံတမန်နှင့်ဆက်စပ်သူများ၊ သံရုံးဝန်ထမ်းများ ဥပဒေချိုးဖောက်မှုရှိပါက သံတမန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဆ) ဤလုပ်ငန်းကော်မတီတွင်ပါရှိသော ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

( ဇ ) **ချက်ချင်းဆောင်ရွက်ရန်**။ အမည်မည်းစာရင်းများ၊ စောင့်ကြည့်စာရင်းများအား နောက်ဆုံးအခြေအနေနှင့် အညီဖြစ်စေရန် ပြုစုပြီး သေချာစွာတိုက်ဆိုင်စိစစ်၍ ကင်းရှင်းသူများကိုသာ ဗီဇာထုတ်ပေးခြင်း၊ မသင်္ကာဖွယ် နိုင်ငံခြားသားများအား ဗီဇာဆိုင်းငံ့ထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထောက်ခံအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဖြန့်ဝေအသိပေးထားခြင်း၊

( ဈ ) **ကာလတိုဆောင်ရွက်ရန်**။ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး ပြည်တွင်းခရီးသွားရောက်သည့် သံတမန် စာရင်းများကို ဤလုပ်ငန်းကော်မတီမှ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ လစဉ်တင်ပြခြင်း၊

(ည) **ကာလရှည်ဆောင်ရွက်ရန်**

(၁) သံတမန်များ၏ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ဖြစ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) သံတမန်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့ (Diplomatic Protection Police) သီးခြားဖွဲ့စည်း ထားရှိရန် ကြိုးပမ်းခြင်း၊

(၃) နိုင်ငံခြားသံရုံးများအား နေပြည်တော်တွင် တစ်နေရာတည်း တစုတစည်းတည်း ဖွင့်လှစ်နိုင်ရန် တင်ပြခြင်း၊

(၄) သံတမန်ဆိုင်ရာကိစ္စရပ်များအား ဗီယင်နာကွန်ဗင်းရှင်းနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

## ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန် မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဌ ) | တပ်ဖွဲ့မှူး<br>ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဎ ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်၏ အကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊

( ခ ) အချုပ်အခြာအာဏာကို ထိခိုက်နိုင်သည့် ကိစ္စရပ်များ မဖြစ်ပေါ်စေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

( ဂ ) နိုင်ငံတော်အတွက် အနှောင်အဖွဲ့ကင်းလွတ်သော ပူးပေါင်းဆောင်ရွက်မှုမျိုး ဖြစ်စေခြင်း၊

(ဃ) အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကြိုတင်သတင်းများအား နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( င ) နိုင်ငံခြားသားများ ပြည်တွင်းခရီးစဉ်သွားရောက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပူးပေါင်းလိုက်ပါ ပါဝင်ဆောင်ရွက်ခြင်း၊

( စ ) ဤလုပ်ငန်းကော်မတီမှ ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) **ချက်ချင်းဆောင်ရွက်ရန်**။ ဤလုပ်ငန်းကော်မတီကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ ) **ကာလတိုဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားခရီးစဉ် လုံခြုံရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ တင်ပြခွင့်ပြုချက်ရယူပြီး နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ မိတ္တူပေးပို့ခြင်း၊

(၂) အဆိုပါခရီးစဉ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာမြို့နယ်များရှိ စီမံကိန်းမှူးများမှ ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ပေးခြင်း။

( ဈ ) **ကာလရှည်ဆောင်ရွက်ရန်**

(၁) ဤလုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဗဟိုကော်မတီသို့ လစဉ်တင်ပြခြင်း၊

(၂) အဖွဲ့အစည်းများ၏ လှုပ်ရှားမှုကြိုတင်သတင်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ တင်ပြခွင့်ပြုချက်တောင်းသည်နှင့် တစ်ပြိုင်နက် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(၃) လုပ်ငန်းကော်မတီသည် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်သည့် ဝန်ကြီးဌာနများနှင့် ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)

## အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ

၁။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပျက် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် **အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |

(ဈ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အခြားဗီဇာဖြင့် ဝင်ရောက်သော နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဗီဇာလျှောက်ထားစဉ်က ဖော်ပြထားသော လုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများလုပ်ကိုင်နိုင်ခြင်း မရှိစေရန် ကြီးကြပ်ခြင်း၊

(ခ) နိုင်ငံခြားသားများ မြန်မာပြည်တွင်းနေထိုင်စဉ် မူလဖော်ပြထားသော လိပ်စာများ၌ အမှန်တကယ် တည်းခိုခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(ဂ) ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားသူများ၏ မှတ်တမ်းထိန်းသိမ်းထားရှိရေး ကြီးကြပ်ခြင်း၊

(ဃ) နိုင်ငံခြားသားများ မရောက်ရှိမီ ရရှိထားသော ကြိုတင်သတင်းများ၊ ပြည်တွင်းလှုပ်ရှားမှုသတင်းများကို နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(င) ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသားအားလုံး ဥပဒေချိုးဖောက်မှုရှိပါက ကြီးကြပ် အရေးယူဆောင်ရွက်ခြင်း၊

(စ) ဤလုပ်ငန်းကော်မတီမှ ဝန်ကြီးဌာနများအလိုက် လိုက်နာကျင့်သုံးရသည့် ဥပဒေ၊ နည်းဥပဒေများအား လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) အမည်မည်းစာရင်းများ၊ စောင့်ကြည့်စာရင်းများအား နောက်ဆုံးအခြေအနေနှင့်အညီဖြစ်စေရန် ပြုစုဆောင်ရွက်ခြင်းနှင့် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) **ချက်ချင်းဆောင်ရွက်ရန်**

(၁) ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာသော နိုင်ငံခြားသားများအား စည်းကမ်းသတ်မှတ်ခြင်း၊ ကန့်သတ်နယ်မြေသတ်မှတ်ခြင်း၊ ကြီးကြပ်ထိန်းသိမ်းခြင်း၊

(၂) ဥပဒေချိုးဖောက်သော နိုင်ငံခြားသားများအားလုံးကို အရေးယူဆောင်ရွက်ခြင်း။

(ဈ) **ကာလတိုဆောင်ရွက်ရန်**

(၁) ဗီဇာစိစစ်ထုတ်ပေးခြင်း၊ ဗီဇာစည်းကမ်းနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(၂) နိုင်ငံခြားသားများ ဝင်ရောက်ပြီးနောက် စောင့်ကြည့်စိစစ်ခြင်း၊ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း။

(ည) **ကာလရှည်ဆောင်ရွက်ရန်**

(၁) နိုင်ငံခြားသားများ အမည်မည်းစာရင်းကို အချိန်နှင့်တစ်ပြေးညီရရှိရေး၊ အမည်မည်းစာရင်း တစ်မျိုးတည်းသာဖြစ်စေရေး ဆောင်ရွက်ခြင်း၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှု ရှိ မရှိ အမြဲသုံးသပ်ဆောင်ရွက်ခြင်း၊

(၃) လိုအပ်သောဥပဒေများ ထုတ်ပြန်နိုင်ရန် တင်ပြဆောင်ရွက်ခြင်း။

ထွန်းထွန်းနောင်
ဒုတိယဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားမြေအသုံးချမှုကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၀၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

**အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် မြေအသုံးချမှုနှင့်စပ်လျဉ်းသည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် သဟဇာတဖြစ်သည့် **အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးအတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ (၁) |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ (၂) |
| (ဂ) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | နေပြည်တော်ကောင်စီဝင် | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ဓ ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ မြေစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအသီးသီးကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေ (မူကြမ်း) ကို ကနဦးရေးဆွဲခြင်း၊

( ခ ) အမျိုးသားမြေအသုံးချမှု ကောင်စီကချမှတ်သည့် မူဝါဒ၊ လမ်းညွှန်ချက်များကို အမျိုးသားမြေဥပဒေ (မူကြမ်း) တွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

( ဂ ) တည်ဆဲမြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများကို လေ့လာ၍ ဥပဒေများ သဟဇာတဖြစ်စေရေးအတွက် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့်အချက်များ စုဆောင်းရရှိနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ဘာသာရပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ တောင်းခံရယူခြင်း၊ လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများ တောင်းခံရယူခြင်းနှင့် လိုအပ်ပါက ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းဆောင်ရွက်ချက်များကို အမျိုးသားမြေအသုံးချမှုကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

( င ) အမျိုးသားမြေဥပဒေ (မူကြမ်း) ကို ရေးဆွဲပြုစု၍ အမျိုးသားမြေအသုံးချမှုကောင်စီသို့ တင်ပြခြင်း၊

( စ ) ကော်မတီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့်စပ်လျဉ်း၍ အမျိုးသားမြေအသုံးချမှုကောင်စီက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၅)

## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် မြေယာအသုံးချမှုနှင့်စပ်လျဉ်းသည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် သဟဇာတဖြစ်သည့် **အမျိုးသားမြေစီမံခန့်ခွဲမှုဥပဒေရေးဆွဲပြုစုရေးအတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့** ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ (၁)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

( ခ ) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ (၂)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

( ဂ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

| | | |
|---|---|---|
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ကိုယ်စားလှယ် (၁) ဦး<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄) | အဖွဲ့ဝင် |

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ဌာနမှူး) — အဖွဲ့ဝင်
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဓ) ညွှန်ကြားရေးမှူး (အငြိမ်းစား) — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(န) အငြိမ်းစားပညာရှင် — အဖွဲ့ဝင်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(ပ) ညွှန်ကြားရေးမှူး (အငြိမ်းစား) — အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(ဖ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဗ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၁)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၂)
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ မြေစီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအသီးသီးကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေ (မူကြမ်း) ကို အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီက ကနဦးရေးဆွဲရာတွင် အထောက်အကူပြုရေးဆွဲပြုစုစိစစ်သုံးသပ် အကြံပြုတင်ပြခြင်း၊

(ခ) တည်ဆဲမြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများကို လေ့လာရေးဥပဒေများ သဟဇာတဖြစ်စေရေးအတွက် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့်အချက်များ စုဆောင်းရရှိနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ဘာသာရပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ တောင်းခံရယူခြင်း၊ လိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများ တောင်းခံရယူခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ချက် တိုးတက်မှုအခြေအနေများကို အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) ဘာသာရပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်၍ အကြံဉာဏ်များရယူရန် လိုအပ်ပါက အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြ၍ ဆောင်ရွက်ခြင်း၊

(င) အမျိုးသားမြေအသုံးချမှုကောင်စီနှင့် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီတို့က အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် စပ်လျဉ်း၍ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားမြေဥပဒေ (မူကြမ်း) ကို ရေးဆွဲပြုစု၍ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီသို့ တင်ပြခြင်း။

# အမိန့်ကြော်ငြာစာအမှတ် (၀၆/၂၀၂၅)
# စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားမြေအသုံးချမှုကောင်စီသည် စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ်များချမှတ်ပြီး ထိုပင်မလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုလယ်ယာဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး (မြေယာဌာန) — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)

(ဎ) ညွှန်ကြားရေးမှူး　အဖွဲ့ဝင်
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ဒေါက်တာ ခင်ဇော်　အဖွဲ့ဝင်
တောင်သူလယ်သမားကိုယ်စားလှယ်

(တ) ဦးခင်မောင်ဖိုလ်　အဖွဲ့ဝင်
မြေယာဆိုင်ရာပညာရှင် (ဗဟိုကော်မတီအဖွဲ့ဝင်)
ဗဟိုမြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ်　အတွင်းရေးမှူး
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) လယ်ယာမြေများ၊ မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲမှုအားကောင်းလာစေပြီး လုပ်ကွက်ငယ် တောင်သူလယ်သမားများနှင့် မြေယာမဲ့ပြည်သူများ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်ခိုင်မာမှုရှိရေး တို့ကို စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ်များချမှတ်၍ မဟာဗျူဟာကျကျ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) အမျိုးသားမြေအသုံးချမှုကောင်စီ၏ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်နှင့် အခြေခံမူများကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သော မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ မျှော်မှန်းချက်နှင့်အညီ အထောက်အကူပေးရန်၊

(ဂ) တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ၏ မြေအသုံးချမှုကော်မတီများ၊ မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားနည်းပညာအကြံပေးအဖွဲ့နှင့် အထောက်အကူပြုလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းအပါအဝင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ ဖွဲ့စည်းမှုခိုင်မာစေရေး ပံ့ပိုးဆောင်ရွက်ပေးရန်၊

(ဃ) အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်စေခြင်း၊ အမျိုးသား မြေအသုံးချမှုစီမံကိန်းများနှင့် မြေအသုံးချမှုဇုန်များရေးဆွဲသတ်မှတ်ခြင်းနှင့် မြေသတင်းအချက်အလက် များ စီမံခန့်ခွဲမည့်စနစ် တည်ထောင်ရန် အကြံပြုပံ့ပိုးပေးရန်၊

(င) စားနပ်ရိက္ခာနှင့် အာဟာရဓာတ်ပြည့်ဝဖူလုံပြီး အထွက်နှုန်းမြင့်မားကာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်ကို ယှဉ်နိုင်ပြီး ကျေးလက်နေလုပ်ကွက်ငယ် တောင်သူ လယ်သမားများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး အထောက်အကူပေးနိုင်ရေး ကူညီ ဆောင်ရွက်ပေးရန်၊

(စ) လုပ်ကွက်ငယ်တောင်သူတို့ကဖြစ်စေ၊ စိုက်ခင်းကြီးများကဏ္ဍမှ ကုမ္ပဏီကြီးများကဖြစ်စေ စိုက်ပျိုးရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံလိုပါက လုံခြုံစိတ်ချရသော သို့မဟုတ် အငြင်းပွားမှုမရှိသော မြေယာလုပ်ပိုင်ခွင့်ရရှိရေးတွင် ပါဝင်ဆောင်ရွက်ပေးရန်၊

(ဆ) လူထုအကျိုးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့အတွက် မြေရယူခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် လုပ်ကွက် ငယ်တောင်သူတို့၏ လုပ်ပိုင်ခွင့် အာမခံချက်ဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ အလေးထားကိုင်တွယ် ဖြေရှင်းနိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊

( ဇ ) မြေယာအခွင့်အရေးများဆိုင်ရာ ချက်ချင်းရလဒ်များ ဖြစ်ပေါ်စေရေး သတင်းအချက်အလက်များ တိကျမှန်ကန်စေရေးနှင့် ပြည်သူလူထုမှ အလွယ်တကူလက်လှမ်းမီစေရေး ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရန်၊

( ဈ ) မွေးမြူရေးသမားများ၊ ရေလုပ်သားအဖွဲ့များနှင့် တောင်သူလယ်သမားများ၏ မြေအသုံးချမှုလုပ်ပိုင်ခွင့်များ (Land use rights) နှင့် စားကျက်မြေအသုံးချမှုနှင့် စီမံခန့်ခွဲမှုအတွက် ရှင်းလင်းတိကျသော စည်းမျဉ်းများချမှတ်ရာတွင် ကူညီဆောင်ရွက်ပေးရန်၊

(ည) အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် NGO, INGO များနှင့် ပေါင်းစပ်ညှိနှိုင်းရေးတွင် ကူညီဆောင်ရွက်ပေးရန်၊

( ဋ ) ဌာနအဖွဲ့အစည်းများ၏ စီမံကိန်းရေးဆွဲမှု၊ ပေါင်းစပ်ညှိနှိုင်းမှု၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် စောင့်ကြည့်လေ့လာမှုတို့တွင် အားကောင်းလာစေရေး ပံ့ပိုးဆောင်ရွက်ရန်၊

( ဌ ) အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ တောင်သူလယ်သမားအဖွဲ့အစည်းတို့၏ ကိုယ်စားလှယ်များ ပါဝင်သော စုံညီအစည်းအဝေးပွဲများ ကျင်းပနိုင်ရေးပါဝင်ဆောင်ရွက်ပေးရန်၊

( ဍ ) မြေယာနှင့်ပတ်သက်သည့်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အားလုံးကို လွှမ်းခြုံသော မြေဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးတွင် ကူညီဆောင်ရွက်ပေးရန်၊

( ဎ ) လုပ်ကွက်ငယ်တောင်သူတို့၏ လက်ရှိမြေများကို မြေယာမှတ်ပုံတင်ခွင့်ချပေးခြင်း၊ မှတ်ပုံတင်ပြီးနောက် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးချပိုင်ခွင့်ရှိစေရန် အာမခံချက်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဏ) မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ သတင်းအချက်အလက် မှန်ကန်စေရေး ရရှိရေးတွင် ကူညီဆောင်ရွက်ပေးရန်၊

(တ) မြေဆီလွှာပျက်စီးဆုံးရှုံးမှု လျော့ပါးစေနိုင်သည့် စိုက်နည်းစနစ်များကို တောင်သူလယ်သမားများအား ဖြန့်ဝေပေးနိုင်ရေးတွင် ကူညီဆောင်ရွက်ပေးရန်၊

(ထ) မြေအမျိုးအစားအလိုက် စိုက်ပျိုးရန်သင့်တော်သော သီးနှံများအား အကြံပြုပေးနိုင်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန်။

ဥက္ကဋ္ဌ
အမျိုးသားမြေအသုံးချမှုကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)**
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် နိုင်ငံသားအားလုံး တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) တို့အရ **လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်** ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် တိုင်းဒေသကြီးအဖြစ် တည်ရှိနေရာ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန် လယ်ယာကဏ္ဍနှင့် ဆက်စပ်သည့် လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတွင်

ပါဝင်သဖြင့် မူလဖွဲ့စည်းထားသော အဖွဲ့ဝင် (၁၁) ဦးအပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးအား ထည့်သွင်း၍ အဖွဲ့ဝင် (၁၂) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးပါရန် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၃၀၉ (က)/ လယ-၄ (လယ်စီ)/ ၂၀၂၅ တင်ပြလာပါသည်။

၃။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လယ်ယာမြေနှင့် ဆက်စပ်ပတ်သက်လျက် ရှိသည့် နိုင်ငံသားအားလုံး တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့ လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) တို့အရ **ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

**ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၃) | စီးပွားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၄) | တိုင်းစစ်ဌာနချုပ်များမှ ဦးစီးအရာရှိ (ပထမတန်း)<br>စစ်ထောက် (လုပ်ငန်း) | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

၄။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပြင်ဆင်လိုက်သည်။

မင်းနောင်

ဥက္ကဋ္ဌ

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ **သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးကျော်ရွှေထွန်း<br>ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ချိုချိုဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | စီးပွားရေးရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဦးနေဆန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>သန်လျင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်စိုးစိုးအေး<br>အထွေထွေမန်နေဂျာ (ငြိမ်း)<br>မြန်မာ့ဆေးဝါးလုပ်ငန်း | အတွင်းရေးမှူး |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်းဖြစ်ပါသည်။

ညီစော
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၅) ၏ ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၁/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ရေယာဉ်ဆက်သွယ်ထောက်ပံ့ရေးမှူး (ကိုယ်စားလှယ်)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးမင်းဟန် အား လက်ထောက်မန်နေဂျာ (ကိုယ်စားလှယ်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ လ ၂၉၀၁၃၂ ရဲအုပ် ဇော်မင်းအောင် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၈၈၈၂ အဖြစ် သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀၁/၂၀၂၅)**

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲ ၂၀၇၅ ရဲမှူးကြီး ကျော်ထွဋ် အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ရဲ ၂၀၇၅ ရဲမှူးကြီး ကျော်ထွဋ် အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ဇွန်လ ၁၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၀၈/၂၀၂၅)**

၁။ ကရင်ပြည်နယ်၊ ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးအောင်လွင် (ပ/၃၆၀၆) အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊

အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးအောင်လွင် (ပ/၃၆၀၆) အား ငြင်းပယ်ထားသည့် အငြိမ်းစား ယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၁၀/၂၀၂၅)**

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဥပဒေနှင့် အကျိုးဆောင်ဌာနမှ စ/၀၈၅၆ ညွှန်ကြားရေးမှူး ဦးစိုးမြင့်လေး အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ စ/၀၈၅၆ ညွှန်ကြားရေးမှူး ဦးစိုးမြင့်လေး အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၁၁၇/၂၀၂၅)**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်/ အမည် (၃၇၄/သစ်ဆိမ့်ကုန်း)၊ ဦးပိုင်အမှတ် (၁၀၃၅) ရှိ **မြေဧရိယာ ၀.၁၁၀ ဧက** အား ပုသိမ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်အမှုတွဲအမှတ် ၁၅/၂၀၂၂-၂၀၂၃ (ပုသိမ်) ဖြင့် လူနေထိုင်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅၉,၉၉၉/- ကျပ်ဖြင့် ဒေါ်ဌေးဌေးဝင်း သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉ (က) အရ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ၂၀၅၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့အထိ နှစ် (၃၀) မြေငှား ဂရန် ထုတ်ပေးခွင့်ပြုခဲ့ခြင်း **အစား** မူလဂရန်သက်တမ်းအတိုင်း တစ်နှစ်လျှင် မြေငှားရမ်းခ ၁၁၉,၉၉၈/- ကျပ်ဖြင့် **ဖူးဇန်စက်သုံးဆီအရောင်းဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် ဒေါ်ဌေးဌေးဝင်း [၁၄/ ပတန (နိုင်) ၀၇၁၇၃၅] အမည်ဖြင့် စက်မှု/ စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင်ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၁၁၈/၂၀၂၅)**

ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ဈေးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃၅/ဈေးအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၂၁) ရှိ **မြေဧရိယာ ၀.၀၉၀ ဧက** အား မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်အမှုတွဲအမှတ် ၂၄၃/မဆ/၂၀၁၅ ဖြင့် လူနေထိုင်ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၂၄,၅၀၃/- ကျပ်ဖြင့် ဦးအောင်စိုး အမည်ဖြင့် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၁ (ခ) အရ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၂၀၄၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ နှစ် (၃၀)မြေငှားဂရန် ထုတ်ပေးခွင့်ပြုခဲ့ခြင်း **အစား** မူလဂရန်သက်တမ်းအတိုင်း တစ်နှစ်လျှင် မြေငှားရမ်းခ ၆၅,၃၄၀/- ကျပ်ဖြင့် **ဧရာဝတီဘဏ် (မူဆယ်ဘဏ်ခွဲ-၁)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် **ဧရာဝတီဘဏ်လီမိတက်** အမည်ဖြင့် စက်မှု/ စီးပွားမြေငှားဂရန် ပြောင်းလဲပြင်ဆင်ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၁၁၁၉/၂၀၂၅)**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့၊ အမှတ် (၉) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၁၁၇၆-ခ/ ရေကျော်ရွာကွင်း)၊ ဦးပိုင်အမှတ် (၃၅/ ၃၅၅) ရှိ မြေဧရိယာ ၀.၀၉၁ ဧက၊ ဦးပိုင်အမှတ် (၄၉/၁၄/က/၁) ရှိ

မြေရိယာ ၀.၁၁၅ ဧက စုစုပေါင်းမြေရိယာ ၀.၂၀၆ ဧက အား Hpa-an Boutique Inn Hotel မြေနေရာ အဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၁၄၅,၈၄၈/- နှုန်းဖြင့် ဒေါ်နန်းချစ်စု [၃/ လဘန (နိုင်) ၀၃၃၆၁၁] သို့ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၉ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၂၀/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (ပြင်)၊ ဦးပိုင်အမှတ် (၇၄) ရှိ **မြေရိယာ ၂၅.၅၀ ဧက** အား **ပျိုးဥယျာဉ်နှင့် အပန်းဖြေစခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ ၁၀,၇၁၀,၀၀၀/- နှုန်းဖြင့် ဦးထွန်းလင်းစိုး [၁၂/ ဗဟန (နိုင်) ၀၂၅၈၈၅] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၈ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁၂၁/၂၀၂၅)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ဖာမွန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် နှင့် အမည် (၂၇၅/ဘူတာအရှေ့ကွင်း)၊ မြေကွက်အမှတ် (၁၄၅) ရှိ မြေရိယာ ၀.၄၀ ဧက၊ မြေကွက်အမှတ် (၁၄၉) ရှိ မြေရိယာ ၀.၉၅ ဧကနှင့် မြေကွက်အမှတ် (၁၅၀) ရှိ မြေရိယာ ၁၅.၆၃ ဧက **စုစုပေါင်း ကျန်အခြားမြေရိယာ ၁၆.၉၈ ဧက** အား **Smart & Style Construction and Development Co.,Ltd** နှင့် အကျိုးတူတန်ဖိုးသင့်အသေးစားအိမ်ရာ စီမံကိန်းဆောင်ရွက်ရန်အတွက် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအဖြစ် သတ်မှတ်ပေးနိုင်ပါရန် တင်ပြလာမှုအပေါ် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်စည်းမျဉ်းဥပဒေ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ (၁) တို့နှင့်အညီ **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ** (Land at the Disposal of Government) အဖြစ် သတ်မှတ်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၁၂၂/၂၀၂၅)

ပြည်ထဲရေးဝန်ကြီးဌာန၏၁၉၉၆ခုနှစ်၊ဇန်နဝါရီလ၂၉ရက်စွဲပါမြေသိမ်း/မြေလွှဲအမိန့်ကြော်ငြာစာ များဖြင့် အမှတ် (၂၄၄) ခြေလျင်တပ်ရင်းမြေနေရာအဖြစ် အသုံးပြုရန်ခွင့်ပြုခဲ့သည့် **မြေရိယာ ၄၅၀.၅၀ ဧက** အနက်မှ **မြေရိယာ ၂၄၉.၁၀ ဧက** အား အမှတ် (၇၀၀၁) သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်းအမည်ဖြင့် အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် မြေလွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။

အမှတ် (၂၄၄) ခြေလျင်တပ်ရင်းပိုင် ကျန်မြေရိယာ ၂၀၁.၄၀ ဧကအနက်မှ ရှမ်းပြည်နယ်၊ ကျိုင်းတုံ ခရိုင်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (ကွင်းပြင်)၊ ဦးပိုင်အမှတ် (ခ) ရှိ မြေရိယာ ၇၉.၈၂ ဧက၊ ဦးပိုင်အမှတ် (ဂ) ရှိ မြေရိယာ ၉၇.၅၀ ဧက **စုစုပေါင်းမြေရိယာ ၁၇၇.၃၂ ဧက** အား **အမှတ် (၉၁၃) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း** အမည်ဖြင့် လွှဲပြောင်းပေးလိုက်ပြီး ကျန်မြေရိယာ ၂၄.၀၈ ဧကအား အမှတ် (၂၄၄) ခြေလျင်တပ်ရင်းအမည်ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ်(၂၄၄) ခြေလျင်တပ်ရင်းနှင့် အမှတ် (၉၁၃) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းအမည်တို့ဖြင့် အမိန့်ပြင်ဆင်သတ်မှတ်ပေးသည့် မြေရိယာများသည် အမှုတွဲများပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနက အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

**ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး မျိုးကြည် **အစား** ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ယာယီရဲမှူးကြီး ငြိမ်းချမ်းအောင် ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ခင်လှမြင့် **အစား** ညွှန်ကြားရေးမှူး ဦးဇော်တင်မိုး ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၂၅)**

**မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၅ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်၊ ရဲမှူးကြီး တင်ဇော်ထွန်း **အစား** ရဲမှူးကြီး ထွန်းအောင်ကျော် ဖြင့်လည်းကောင်း၊ အတွင်းရေးမှူး၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးညွန့်နိုင် **အစား** ညွှန်ကြားရေးမှူး ဦးလှမျိုးအောင် ဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၄၆/၂၀၂၅)**

**ဧရာဝတီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၂၅ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးစန်းငွေ **အစား** အတွင်းရေးမှူး ဦးလှိုင်စိုးသန့် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

**မကွေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၀/၂၀၂၄ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး ကျော်စိုးဝင်း **အစား** ရဲမှူးကြီး သက်လွင် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈၂/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

### ရာထူးတိုးမြှင့် တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁၀/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀– ၄,၀၀၀– ၃၆၁,၀၀၀) (၂) ဦးတို့အား လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀– ၃၉၄,၀၀၀) ရာထူးနေရာသို့ ၎င်းတို့အမည်နှင့် ယှဉ်တွဲပါဌာနများတွင် တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဦးသူရကျော် | ဒုတိယညွှန်ကြားရေးမှူး | လက်ထောက်အတွင်းဝန်<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| ၂။ | ဦးညီညီလွင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး<br>e–Government ဌာနခွဲ |

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၈ ရက်)

### ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၇/၂၀၂၁ အရ ဧက ၆၁၀၀၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၅ အရ ၁၁၃ ဧကကို ကြိုးဝိုင်းတောမြေမှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးဝိုင်းတောနယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဇီးပင်ကြီး–ထုံးဘိုကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၉၀၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄၉/ ၁၉၀၁ အရ ဧရိယာအကျယ်အဝန်း ၇,၃၀၇ ဧကဖြင့် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ ကြိုးဝိုင်းတောအတွင်းမှ [တပ်မြေ၊ ကျေးရွာမြေ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မန္တလေး) မြေ၊ အကောက်ခွန်ဦးစီးဌာန၊ ကျောက်ချောစစ်ဆေးရေးစခန်း (၁၆) မိုင်ဂိတ်မြေ] အဖြစ် မြေဧရိယာ ၁၄၆၅.၆၁ ဧကနှင့် ယခုမြေဧရိယာ

၁၁၃ ဧကအား တပ်ပိုင်မြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရေးအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ စုစုပေါင်းမြေဧရိယာ ၁၅၇၈.၆၁ ဧက ပယ်ဖျက်ပေးလိုက်သဖြင့် ဇီးပင်ကြီး–ထုံးဘိုကြိုးဝိုင်းကို ကျန်ရှိသည့် ဧရိယာ ၅,၇၂၈.၃၉ ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**ဇီးပင်ကြီး–ထုံးဘိုကြိုးဝိုင်း**

မြောက်ဘက်။ ကျောက်တန်းကုန်းနေရာအနီး၊ ခန့်မှန်းမြေပုံညွှန်း N–21.896419˙, E–96.267352˙ မှ အစပြု၍ အရှေ့မြောက်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ဆည်တော်ချောင်းအထိ ၁,၇၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.903150˙, E–96.280222˙ အထိ၊ ထိုမှ အရှေ့ဘက်သို့ မူလကြိုးလမ်းဆည်တော်ချောင်းဘေးတစ်လျှောက်အတိုင်း ၃,၉၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.915023˙, E–96.308854˙ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၁,၆၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.904514˙, E–96.309279˙ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မူလကြိုးလမ်းအတိုင်း ၁,၆၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.895347˙, E–96.299841˙ အထိ၊ ထိုမှ တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်လမ်းအတိုင်း ၂,၆၀၀ ကိုက်ခန့်လာရာ ဒိုးဂနိုင်ချောင်းဂွဆုံအနီး၊ ခန့်မှန်းမြေပုံညွှန်း N–21.876803˙, E–96.302380˙ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးလမ်းနယ်နိမိတ်အတိုင်း ၂,၅၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.859877˙, E–96.290824˙ အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၆၇၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.855106˙, E–96.293658˙ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃၅၀ ကိုက်ခန့်လာရာ ၂၁ မိုင် ကျေးရွာသုသာန်အနီး၊ ခန့်မှန်းမြေပုံညွှန်း N–21.852465˙, E–96.292408˙ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂၁ မိုင်ကျေးရွာ ပယ်ဖျက်နယ်နိမိတ်အတိုင်း ၄၈၀ ကိုက်ခန့်လာရာ ဘုန်းကြီးကျောင်းထောင့်အနီး ခန့်မှန်းမြေပုံညွှန်း N–21.849804˙, E–96.289457˙ အထိ၊ ထိုမှ အနောက်ဘက်သို့ ရွာမြောက်ဘက်ချောင်းကမ်းဘေးမှ ၅၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.851363˙, E–96.285265˙ အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၁,၇၀၀ ကိုက်ခန့် လာရာ ယခင်ဆင်ဘုရား သာသနာပိုင်မြေအား သစ်တောမြေမှပယ်ဖျက်ပြီးနောက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းထားသည့် တောင်ဘက်နယ်နိမိတ်လမ်းကြောင်းအတိုင်း၊ ထိုမှ မူလကြိုးလမ်းအတိုင်းဆက်လာရာ တောင်နီမတောင်မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း N–21.838131˙, E–96.274543˙ အထိ၊ ထိုမှအနောက်ဘက်သို့ ၇၃၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.838767˙, E–96.271185˙ အထိ၊

အနောက်ဘက်။ ထိုမှ သစ်တောမြေမှ ပယ်ဖျက်ပြီး အမှတ် (၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ) ပယ်ဖျက်နယ်နိမိတ်အတိုင်း ၂,၄၃၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.856033˙, E–96.263632˙ အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၆၇၁ ကိုက်ခန့်လာရာ ကျောက်ချော စစ်ဆေးရေးစခန်း ၁၆ မိုင်ဂိတ် ပယ်ဖျက်နယ်နိမိတ်အတိုင်းလာရာ ခန့်မှန်းမြေပုံညွှန်း N–21.857796˙, E–96.253379˙ အထိ၊ ထိုမှ ကျောက်ချောကျေးရွာ ပယ်ဖျက်နယ်နိမိတ် အတိုင်း ၅၃၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.860430˙, E–96.250017˙ အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၂,၀၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.874691˙, E–96.241888˙ အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မူလ ကြိုးလမ်းနယ်နိမိတ်အတိုင်း ၁,၂၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.878284˙, E–96.251068˙ အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ကြိုးလမ်းနယ်နိမိတ်အတိုင်း ၁,၈၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.869181˙, E–96.263145˙ အထိ၊ ထိုမှ အရှေ့မြောက် ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၂,၄၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.885502˙, E–96.260961˙ အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ် အတိုင်း ၁,၉၀၀ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း N–21.896419˙, E–96.267352˙ ရောက်သည်အထိ။

**ဇီးပင်ကြီး – ထုံးဘိုကြိုးဝိုင်း (၁)**

မြောက်ဘက်။ ပြင်ဦးလွင်မြို့မှ ၂၂ မိုင်ခန့်အကွာ ခန့်မှန်းမြေပုံညွှန်း N–21.824808˚, E–96.269544˚ မှအစပြု၍ အရှေ့ဘက်သို့ ၂၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.824803˚, E–96.269772˚ အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁,၀၂၆ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.817068˚, E–96.273425˚ အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.817085˚, E–96.275632˚ အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၁,၂၁၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.807022˚, E–96.276018˚ အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၁၄၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.806102˚, E–96.275186˚ အထိ၊

အနောက်ဘက်။ ထိုမှ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၃၅၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.809363˚, E–96.274392˚ အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကိုက် ၁၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.809887˚, E–96.273725˚ အထိ၊ ထိုမှ တပ်မ (၃၃) ပယ်ဖျက်နယ်နိမိတ်အတိုင်း ၁,၈၅၀ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း N–21.824808˚, E–96.269544˚ အထိ။

၃။ **ချန်လှပ်ကွက်နယ်နိမိတ်များ**

**အမှတ် (၂) သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ခွဲ (မန္တလေး) မြေဧရိယာ ၁၁၂ ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ဇီးပင်ကြီး–ထုံးဘိုကြိုးဝိုင်းအတွင်းရှိ သရက်ရေချောင်းတောင်ဘက် ခန့်မှန်းမြေပုံညွှန်း N–21.851761˚, E–96.272545˚ မှအစပြု၍ အရှေ့ဘက်သို့ ပေ ၂,၂၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.852626˚, E–96.278745˚ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ပေ ၁,၅၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.848621˚, E–96.279652˚ အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ပေ ၂,၄၀၀ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.844326˚, E–96.274483˚ အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ပေ ၃,၀၀၀ ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း N–21.851761˚, E–96.272545˚ နှင့် ဆုံသည်အထိ။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၅)
## ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅၁/၂၀၁၅ အရ ၂၀ ဧက၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၂၅ အရ ၁၉၉ ဧက **စုစုပေါင်း ၂၁၉ ဧက** အား ကြိုးဝိုင်းတောမြေမှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးဝိုင်းတောနယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကွက်နဖားကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၈၉၈ ခုနှစ်၊ မတ်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁ အရ ဧရိယာအကျယ်အဝန်း ၈,၈၁၉ ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ ကြိုးဝိုင်းတောအတွင်းမှ ဧရိယာ ၁၂၀၀ ဧကအား သစ်တောကြိုးဝိုင်းတောမြေအဖြစ်မှလည်းကောင်း၊ ဧရိယာ ၁၂.၄၆ ဧကကို သာသနာ့မြေအဖြစ်လည်းကောင်း၊ ဧရိယာ ၁၄၂.၆ ဧကကို အမှတ် (၂၀၂၈) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းအတွက်လည်းကောင်း၊ ဧရိယာ ၂၀ ဧကကို သစ်တော်ကျေးရွာမြေအဖြစ်လည်းကောင်း၊ ဧရိယာ

၁၉၉ ကေကို တပ်ပိုင်မြေအဖြစ်လည်းကောင်း အသုံးပြုရန်အတွက် စုစုပေါင်း ၁၅၉၄.၅၆ ဧကအား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် ကြွက်နဖားကြိုးဝိုင်းကို ကျန်ရှိသည့် ဧရိယာ ၇,၂၄၄.၄၄ ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကြိုးဝိုင်းတောနယ်နိမိတ်များ**

မြောက်ဘက်။ ပြင်ဦးလွင်မြို့မှ ၁၉ မိုင်ခန့်အကွာ၊ မန္တလေး–လားရှိုးလမ်း၊ မိုင်တိုင်အမှတ် ၁၈ မိုင် ၄ ဖာလုံခန့်အနီး ခန့်မှန်းမြေပုံညွှန်း N–21.838548˙, E–96.271574˙ မှ အစပြု၍ အရှေ့တောင်ဘက်သို့ ၅၃၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.837102˙, E–96.274137˙ အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁,၀၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.843325˙, E–96.279779˙ အထိ၊ ထိုမှ ယခင်ဆင်ဘုရားသာသနာပိုင်မြေအား သစ်တောမြေမှ ပယ်ဖျက်နယ်နိမိတ်အတိုင်း ၂,၇၈၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.849574˙, E–96.284898˙ အထိ၊ ထိုမှ ၂၁ မိုင်ကျေးရွာပယ်ဖျက်နယ်နိမိတ်အတိုင်း ၁,၇၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.846793˙, E–96.294341˙ အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၃,၂၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.819694˙, E–96.298137˙ အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၁,၈၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.817329˙, E–96.313190˙ အထိ၊ ထိုမှ တောင်ဘက်သို့ မူလကြိုးဝိုင်းနယ်နိမိတ်အတိုင်း ၂,၈၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.795314˙, E–96.315693˙ အထိ၊ ထိုမှ အရှေ့ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၁,၆၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.795919˙, E–96.330094˙ အထိ၊ ထိုမှ တောင်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၄,၀၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.763486˙, E–96.325853˙ အထိ၊

တောင်ဘက်။ ထိုမှအနောက်တောင်ဘက်သို့အမှတ်(၂,၀၂၈)လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းအတွက် ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေပယ်ဖျက်နယ်နိမိတ်အတိုင်း ၁,၂၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.757809˙, E–96.316967˙ အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မူလကြိုးလမ်းနယ်နိမိတ်အတိုင်း ၄,၈၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.773083˙, E–96.286186˙ အထိ၊ ထိုမှ သစ်တော်ကျေးရွာပယ်ဖျက်နယ်နိမိတ်အတိုင်း ၃,၃၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.789620˙, E–96.270250˙ အထိ၊

အနောက်ဘက်။ ထိုမှ အရှေ့မြောက်ဘက်သို့ စစ်တက္ကသိုလ်ပယ်ဖျက်နယ်နိမိတ်အတိုင်း ၇,၄၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.807086˙, E–96.276007˙ အထိ၊ ထိုမှ မြောက်ဘက်သို့ ၁,၂၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း N–21.817045˙, E–96.275674˙ အထိ၊ ထိုမှ အရှေ့ဘက်သို့ စစ်တက္ကသိုလ်ပယ်ဖျက်နယ်နိမိတ်အတိုင်း ၆၅၀ ကိုက်ခန့်လာရာ N–21.817109˙, E–96.281518˙ အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ စစ်တက္ကသိုလ်ပယ်ဖျက်နယ်နိမိတ်အတိုင်း ၂,၈၀၀ ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း N–21.838548˙, E–96.271574˙ ရောက်သည်အထိ။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ဧရိယာ ပြင်ဆင်သတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင် ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယခင်သစ်တောရေးရာဝန်ကြီးဌာန

ဝန်ကြီးရုံး၏ ၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၁၉၉၆ ဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ မြောက်လတ္တီတွဒ် ၁၀° ၄၁′ မှ ၁၀° ၅၉′နှင့် အရှေ့လောင်ဂျီတွဒ် ၉၈° ၀၄′ မှ ၉၈° ၁၈′ အတွင်း တည်ရှိသော လန်ပိကျွန်းနှင့် ၎င်း၏ အရန်ကျွန်းငယ်များပါဝင်သည့် ဧရိယာအကျယ်အဝန်း ၇၉.၀၉ စတုရန်းမိုင်ရှိသော ၅၀,၆၁၇.၆၀ ဧကကို ဧရိယာအမှန်ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်တို့အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်း ကျရောက်သည့် ကုန်းမြေ ၅၇,၃၄၄.၀၃ ဧက၊ ရေပြင် ၂၄၂,၈၂၄.၆ ဧက စုစုပေါင်း ၃၀၀, ၁၆၈.၆၃ ဧက ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန် အလို့ငှာ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက် (၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်) မှစတင်၍ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်လားရာဖော်ပြချက်**

မြောက်ဘက်။ လန်ပိကျွန်း၏မြောက်ဘက် ရေစစ်မျဉ်းမှ ရေမိုင် ၂ မိုင် ပွိုင့်အမှတ် (၁) ခန့်မှန်းမြေပုံညွှန်း 11° 1′26.189″ N, 98° 10′57.610″ E မှ စတင်ပြီး ပွိုင့်အမှတ်တစ်ခုမှတစ်ခုသို့ ၃ မိုင်အကွာနှုန်းဖြင့် အရှေ့တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၂) ခန့်မှန်းမြေပုံညွှန်း 11° 0′39.156″ N, 98° 13′ 22.870″ E ထိ၊

အရှေ့ဘက်။ ပွိုင့်အမှတ် (၂) ခန့်မှန်းမြေပုံညွှန်း 11° 0′39.156″ N, 98° 13′22.870″ E မှ အရှေ့တောင်ဘက်သို့ လာရာ ပွိုင့်အမှတ် (၃) ခန့်မှန်းမြေပုံညွှန်း 10° 58′49.826″ N, 98° 15′1.712″ E ထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၄) ခန့်မှန်းမြေပုံညွှန်း 10° 56′59.982″ N, 98° 16′27.510″ E ထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၅) ခန့်မှန်းမြေပုံညွှန်း 10° 54′38.023″ N, 98° 17′32.984″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၆) ခန့်မှန်းမြေပုံညွှန်း 10° 52′11.618″ N, 98° 18′4.276″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၇) ခန့်မှန်းမြေပုံညွှန်း 10° 49′41.750″ N, 98° 18′48.815″ E ထိ၊ ၎င်းမှ အရှေ့တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၈) ခန့်မှန်းမြေပုံညွှန်း 10° 47′35.004″ N, 98° 20′10.472″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၉) ခန့်မှန်းမြေပုံညွှန်း 10° 45′4.532″ N, 98° 19′47.418″ E ထိ၊ ၎င်းမှ အရှေ့ဘက်သို့လာရာ ပွိုင့်အမှတ် (၁၀) ခန့်မှန်းမြေပုံညွှန်း 10° 44′41.053″ N, 98° 21′23.767″ E ထိ၊ ၎င်းမှ အရှေ့ဘက်သို့လာရာ ပွိုင့်အမှတ် (၁၁) ခန့်မှန်းမြေပုံညွှန်း 10° 43′14.400″ N, 98° 23′24.765″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၂) ခန့်မှန်းမြေပုံညွှန်း 10° 40′48.991″ N, 98° 22′50.145″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၃) ခန့်မှန်းမြေပုံညွှန်း 10° 38′27.909″ N, 98° 23′ 45.029″ E ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၄) ခန့်မှန်းမြေပုံညွှန်း 10° 36′12.360″ N, 98° 22′44.296″ E ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၅) ခန့်မှန်းမြေပုံညွှန်း 10° 33′51.925″ N, 98° 21′52.841″ E ထိ၊

တောင်ဘက်။ ပွိုင့်အမှတ် (၁၅) ခန့်မှန်းမြေပုံညွှန်း 10° 33′51.925″ N, 98° 21′52.841″ E မှ အနောက်ဘက်သို့ လာရာ ပွိုင့်အမှတ် (၁၆) ခန့်မှန်းမြေပုံညွှန်း 10° 33′36.961″ N, 98° 19′23.943″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၇) ခန့်မှန်းမြေပုံညွှန်း 10° 35′50.401″ N, 98° 18′21.115″ E ထိ၊ ၎င်းမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၈) ခန့်မှန်းမြေပုံညွှန်း 10° 38′12.181″ N, 98° 18′53.500″ E ထိ၊ ၎င်းမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၁၉) ခန့်မှန်းမြေပုံညွှန်း 10° 40′0.008″ N, 98° 18′6.573″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၀) ခန့်မှန်းမြေပုံညွှန်း 10° 37′31.535″ N, 98° 17′40.210″ E ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၁) ခန့်မှန်းမြေပုံညွှန်း 10° 35′9.900″ N, 98° 16′44.819″ E ထိ၊ ၎င်းမှ အနောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၂) ခန့်မှန်းမြေပုံညွှန်း 10° 34′42.805″ N, 98° 14′13.203″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၃) ခန့်မှန်းမြေပုံညွှန်း 10° 36′2.868″ N, 98° 11′59.971″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၄) ခန့်မှန်းမြေပုံညွှန်း 10° 37′51.622″ N, 98° 10′29.758″ E ထိ၊

အနောက်ဘက်။ ပွိုင့်အမှတ် (၂၄) ခန့်မှန်းမြေပုံညွှန်း 10° 37′ 51.622″ N, 98° 10′ 29.758″ E မှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၅) ခန့်မှန်းမြေပုံညွှန်း 10° 39′ 47.004″ N, 98° 8′ 48.631″ E ထိ၊ ၎င်းမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၆) ခန့်မှန်းမြေပုံညွှန်း 10° 42′ 14.673″ N, 98° 8′ 49.120″ E ထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၇) ခန့်မှန်းမြေပုံညွှန်း 10° 43′ 2.768″ N, 98° 11′ 10.519″ E ထိ၊ ၎င်းမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၈) ခန့်မှန်းမြေပုံညွှန်း 10° 44′ 39.112″ N, 98° 11′ 52.458″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၂၉) ခန့်မှန်းမြေပုံညွှန်း 10° 46′ 11.335″ N, 98° 10′ 39.241″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၀) ခန့်မှန်းမြေပုံညွှန်း 10° 48′ 27.730″ N, 98° 9′ 31.402″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၁) ခန့်မှန်းမြေပုံညွှန်း 10° 50′ 52.887″ N, 98° 8′ 36.515″ E ထိ၊ ၎င်းမှ အနောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၂) ခန့်မှန်းမြေပုံညွှန်း 10° 50′ 43.062″ N, 98° 7′ 22.626″ E ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၃) ခန့်မှန်းမြေပုံညွှန်း 10° 48′ 25.344″ N, 98° 6′ 13.976″ E ထိ၊ ၎င်းမှ တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၄) ခန့်မှန်းမြေပုံညွှန်း 10° 46′ 2.042″ N, 98° 6′ 4.407″ E ထိ၊ ၎င်းမှ အနောက်တောင်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၅) ခန့်မှန်းမြေပုံညွှန်း 10° 44′ 53.102″ N, 98° 3′ 53.752″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၆) ခန့်မှန်းမြေပုံညွှန်း 10° 46′ 28.595″ N, 98° 1′ 55.098″ E ထိ၊ ၎င်းမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၇) ခန့်မှန်းမြေပုံညွှန်း 10° 48′ 53.007″ N, 98° 2′ 24.400″ E ထိ၊ ၎င်းမှ အနောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၈) ခန့်မှန်းမြေပုံညွှန်း 10° 49′ 21.134″ N, 98° 0′ 38.071″ E ထိ၊ ၎င်းမှ အနောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၃၉) ခန့်မှန်းမြေပုံညွှန်း 10° 49′ 0.210″ N, 97° 58′ 11.383″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၄၀) ခန့်မှန်းမြေပုံညွှန်း 10° 51′ 13.682″ N, 97° 57′ 10.017″ E ထိ၊ ၎င်းမှ မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၄၁) ခန့်မှန်းမြေပုံညွှန်း 10° 53′ 41.066″ N, 97° 57′ 51.195″ E ထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၄၂) ခန့်မှန်းမြေပုံညွှန်း 10° 55′ 33.569″ N, 97° 59′ 28.467″ E ထိ၊ ၎င်းမှ အရှေ့ဘက်သို့လာရာ ပွိုင့်အမှတ် (၄၃) ခန့်မှန်းမြေပုံညွှန်း 10° 55′ 14.852″ N, 98° 2′ 1.788″ E ထိ၊ ၎င်းမှ အရှေ့ဘက်သို့လာရာ ပွိုင့်အမှတ် (၄၄) ခန့်မှန်းမြေပုံညွှန်း 10° 55′ 42.539″ N, 98° 3′ 57.843″ E ထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၄၅) ခန့်မှန်းမြေပုံညွှန်း 10° 57′ 33.358″ N, 98° 5′ 46.370″ E ထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၄၆) ခန့်မှန်းမြေပုံညွှန်း 10° 59′ 46.805″ N, 98° 6′ 52.520″ E ထိ၊ ၎င်းမှ အရှေ့မြောက်ဘက်သို့လာရာ ပွိုင့်အမှတ် (၄၇) ခန့်မှန်းမြေပုံညွှန်း 11° 1′ 2.112″ N, 98° 9′ 0.675″ E ထိ၊ ၎င်းမှ အရှေ့ဘက်သို့လာရာ မူလစတင်ရာ ပွိုင့်အမှတ် (၁) ခန့်မှန်းမြေပုံညွှန်း 11° 1′ 26.189″ N, 98° 10′ 57.610″ E ထိ။

**ချန်လှပ်ကွက်အမှတ် (၁) မကြံ့ဂုလက်ကျေးရွာ၏ ရွာမြေ ၅၉.၈၇ ဧက၏ နယ်နိမိတ်အလားအလာ (၂၈-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇၀/ ၂၀၁၅ ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်မှ ပယ်ဖျက်ထားခြင်းဖြစ်ပါသည်။)**

မြောက်ဘက်။ ဘိုချိုကျွန်း ခန့်မှန်းမြေပုံညွှန်း J-140476 မှ အစပြု၍ အရှေ့ဘက်သို့ ပင်လယ်ဘက်ကမ်းခြေအတိုင်း ၂,၅၈၅ ပေခန့်အကွာ ခန့်မှန်းမြေပုံညွှန်း J-148179 အထိ၊

အရှေ့ဘက်။ ခန့်မှန်းမြေပုံညွှန်း J-148179 မှ တောင်ဘက်သို့ ၄,၅၂၂ ပေခန့်အကွာ ခန့်မှန်းမြေပုံညွှန်း J-149477 အထိ၊

တောင်ဘက်။ ခန့်မှန်းမြေပုံညွှန်း J-149477 မှ အနောက်ဘက်သို့ ၃,၀၁၂ ပေခန့်အကွာ ခန့်မှန်းမြေပုံညွှန်း J-142472 အထိ၊ ၎င်းမှ အနောက်မြောက်ဘက်သို့ ၁,၁၂၆ ပေခန့်အကွာ ခန့်မှန်းမြေပုံညွှန်း J-139473 အထိ၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း J-139473 မှ မြောက်ဘက်သို့ ၉၀၉ ပေခန့်အကွာ မူလစတင်ရာနေရာ ခန့်မှန်းမြေပုံညွှန်း J-140476 အထိ၊

**ချန်လုပ်ကွက်အမှတ် (၂) ဝါးကျွန်းကျေးရွာ၏ ရွာမြေ ၁၅ ဧက၊ သာသနာ/ အများပိုင်မြေ ၁၄ ဧက စုစုပေါင်း ၂၉ ဧက နယ်နိမိတ်အလားအလာ**

**(၂၈-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇၁/ ၂၀၁၅ ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်မှ ပယ်ဖျက်ထားခြင်းဖြစ်ပါသည်။)**

မြောက်ဘက်။ ဝါးကျွန်းကျေးရွာ၏မြောက်ဘက် မြေပုံညွှန်း UJ-136758 အမှတ်နေရာမှအစပြု၍ အရှေ့ဘက်သို့ ၁၀၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-137758 အမှတ်နေရာအထိ၊ ထိုမှ တောင်ဘက်သို့ ၆၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-137757 အမှတ်နေရာအထိ၊ ထိုမှ အရှေ့ဘက်သို့ ၂၀၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-139757 အမှတ်နေရာအထိ၊

အရှေ့ဘက်။ ခန့်မှန်းမြေပုံညွှန်း UJ-139757 အမှတ်နေရာမှ တောင်ဘက်သို့ ၄၁၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-139753 အမှတ်နေရာအထိ၊

တောင်ဘက်။ ခန့်မှန်းမြေပုံညွှန်း UJ-139753 အမှတ်နေရာမှ အနောက်ဘက်သို့ ၇၉ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-138753 အမှတ်နေရာအထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၇၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-137754 အမှတ်နေရာအထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁၁၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-135754 အမှတ်နေရာအထိ၊

အနောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း UJ-135754 အမှတ်နေရာမှ မြောက်ဘက်သို့ ၇၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း UJ-135755 အမှတ်နေရာအထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄၁၉ ကိုက်ခန့်လာရာ မူလစမှတ်ဖြစ်သော ခန့်မှန်းမြေပုံညွှန်း UJ-136758 အမှတ်နေရာအထိ။

၂။ **လန်ပိအဏ္ဍဝါအမျိုးသားဥယျာဉ်** ပြင်ဆင်သတ်မှတ်သည့် နယ်မြေအတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ငါးဖမ်းဆီးခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) သဘာဝနယ်မြေအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကို ဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဃ) သဘာဝနယ်မြေအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင်အဆိပ်ခတ်ခြင်း၊

(င) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ အဏ္ဍဝါအမျိုးသားဥယျာဉ် အတွင်းသော်လည်းကောင်း၊ အဏ္ဍဝါအမျိုးသားဥယျာဉ်နှင့် ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(စ) သဘာဝနယ်မြေအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(ဆ) သဘာဝနယ်မြေအတွင်း သက်ရှိသက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကို ဖြစ်စေ ဖျက်ဆီးခြင်း၊

(ဇ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဈ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ည) အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဋ) သဘာဝနယ်မြေအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

၃။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းတစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁၁၈(၂)/၈/ကောင်စီရုံး အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက် အား တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးဖြင့် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၂၆၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) အစီအစဉ် ၄ (ဃ-၁) ၌ သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ တင်မောင်ထွန်း အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ချောချောစိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၀၁၈/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

**မြေလွှဲပြောင်းပေးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်အမှတ် (၅၁)၊ မြေကွက်အမှတ် ( $\frac{၁/ဇ}{၁/A}$ )၊ ဧရိယာ ၃.၃၇၀ ဧကနှင့် မြေကွက်အမှတ် ( $\frac{၁/ဇ}{၂/A}$ )၊ ဧရိယာ ၂.၂၆၃ ဧက **စုစုပေါင်းမြေဧရိယာ ၅.၆၃၃ ဧက** ရှိ အစိုးရမြေနေရာအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသုံးပြုရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါ မြေကို အများပြည်သူအကျိုးငှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅၁ | $\frac{၁/ဇ}{၁/A}$ | ၃ | ၃၇၀ | |
| ။ | ။ | ။ | $\frac{၁/ဇ}{၂/A}$ | ၂ | ၂၆၃ | |
| စုစုပေါင်း | | | | ၅ | ၆၃၃ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ် - $\frac{၁/ဇ}{၁/B}$၊ $\frac{၁/ဇ}{၂/B}$

အနောက်လားသော် - ကမ်းပတ်တား

တောင်လားသော် - မြဝတီမင်းကြီးလမ်း

မြောက်လားသော် - မြေကွက်အမှတ် - ၁/ဈ

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၄-၇-၂၀၂၅ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၇-၈-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) အရ ကုန်းလမ်းပို့ဆောင်ရေးသို့ ယခင်ထုတ်ပေးခဲ့သည့် ၂၂-၄-၁၉၉၈ ရက်စွဲပါ မူလမြေလွှဲအမိန့်ကြော်ငြာစာအား ၂၁-၁၀-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ မယ/မသ/၀၁၇ အယ်လ်-၂၀၂၅ (၂၈၀၅) ဖြင့် ပယ်ဖျက်ပြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ် (၅၁)၊ မြေကွက်အမှတ် ( $\frac{၁/ဇ}{၁/A}$ )၊ ဧရိယာ ၃.၃၇၀ ဧကနှင့် မြေကွက်အမှတ် ( $\frac{၁/ဇ}{၂/A}$ )၊ ဧရိယာ ၂.၂၆၃ ဧက **စုစုပေါင်းမြေဧရိယာ ၅.၆၃၃ ဧက** ခန့်ရှိ အစိုးရမြေနေရာအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသုံးပြုရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၅)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည်၁၉၅၁ ခုနှစ်၊နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့်မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၂၇ (၁) (ခ-၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ မြေတိုင်းရပ်ကွက်အမှတ် (၅၁)၊ မြေကွက်အမှတ် ( $\frac{၁/၉}{၁/B}$ )၊ ဧရိယာ ၅.၁၂၀ ဧကနှင့် မြေကွက်အမှတ် ( $\frac{၁/၉}{၂/B}$ )၊ ဧရိယာ ၁.၀၆၄ ဧက **စုစုပေါင်းမြေဧရိယာ ၆.၁၈၄ ဧက** ခန့်ရှိ အစိုးရမြေနေရာအား မြန်မာ့မီးရထား အသုံးပြုရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးလိုက်သည်-

(က) ဖော်ပြပါ မြေကို အများပြည်သူအကျိုးငှာ မြန်မာ့မီးရထားအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၅၁ | $\frac{၁/၉}{၁/B}$ | ၅ | ၁၂၀ | |
| ။ | ။ | ။ | $\frac{၁/၉}{၂/B}$ | ၁ | ၀၆၄ | |
| စုစုပေါင်း | | | | ၆ | ၁၈၄ | |

၃။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

အရှေ့လားသော် - မြေကွက်အမှတ် - ၁/ဆ

အနောက်လားသော် - မြေကွက်အမှတ် - $\frac{၁/၉}{၁/A}$၊ $\frac{၁/၉}{၂/A}$

တောင်လားသော် - မြဝတီမင်းကြီးလမ်း

မြောက်လားသော် - မြေကွက်အမှတ် - ၁/ဈ

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၄-၇-၂၀၂၅ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၇-၈-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅) အရ ကုန်းလမ်းပို့ဆောင်ရေးသို့ ယခင်ထုတ်ပေးခဲ့သည့် ၂၂-၄-၁၉၉၈ ရက်စွဲပါ မူလမြေလွှဲအမိန့်ကြော်ငြာစာအား ၂၁-၁၀-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ မယ/ မသ/ ၀၁၇ အယ်လ်-၂၀၂၅ (၂၈၀၁၅) ဖြင့် ပယ်ဖျက်ပြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၁)၊ မြေကွက်အမှတ် ($\frac{၁/၉}{၁/B}$)၊ ဧရိယာ ၅.၁၂၀ ဧက နှင့် မြေကွက်အမှတ် ($\frac{၁/၉}{၂/B}$)၊ ဧရိယာ ၁.၀၆၄ ဧက **စုစုပေါင်းမြေဧရိယာ ၆.၁၈၄ ဧက** ခန့်ရှိ အစိုးရမြေနေရာအား မြန်မာ့မီးရထား အသုံးပြုရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်<br>(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

အမှတ် ၂၂၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

တင်ဌေး ကြည်း ၈၁၅၃၁

အမှတ် ၂၂၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

မျိုးရွှေ ကြည်း ၈၁၅၃၂

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

အမှတ် ၂၂၅/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | တင်ဝင်းနိုင် | ကြည်း | ၈၁၅၃၃ | ၉–၁၁–၂၀၂၅ |
| (၂) | မြင့်အေး | ကြည်း | ၈၁၅၃၄ | ၉–၁၁–၂၀၂၅ |
| (၃) | အောင်ကျော်ဆွေ | ကြည်း | ၈၁၅၃၅ | ၁၀–၁၁–၂၀၂၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အကောက်ခွန်ဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၂ တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီးနံဘေးရှိ ဖော့ကန်ကမ်းနားဒေသ၊ လှိုင်မြစ်ကမ်းနဖူးရှိ ကမ်းပါးမြေဧရိယာ ၀.၇၉ ဧက နှင့် ရေဒေသဧရိယာ ၁.၀၅ ဧကတို့အား ကျောထောက်နောက်ခံပြု၍ တည်ဆောက်ထားသော Mother Industrial Co.,Ltd ၏ ကွန်ကရစ်ဆိပ်ခံတံတားအား ပြည်တွင်းကမ်းရိုးတန်းသွားရေယာဉ်များဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ယာယီပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာအဖြစ် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့အထိ (၆) လ သတ်မှတ်လိုက်သည်။

**အမိန့်အာဏာ။** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ဘခ- ၁/ ၃/ ၁၅ (၂၈၈၉/၂၀၂၅)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၂၅)

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်အပိုင်း (၃)၊ ဆိပ်ကမ်းသာလမ်း၊ မြေကွက်အမှတ် ( ၆၊ ၁၆၁၊ ၁၆၄၊ ၁၆၆-ဘီ) တွင် တည်ဆောက်ထားသော Shwe Me Logistics Services Co.,Ltd ၏ Shwe Me Terminal ဆိပ်ကမ်းအား ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ ကုန်တင်ပို့နိုင်သည့် ယာယီအပြည်ပြည်ဆိုင်ရာကုန်တင်ကုန်ချဆိပ်ကမ်းနေရာအဖြစ် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့အထိ (၆) လ သတ်မှတ်လိုက်သည်။

**အမိန့်အာဏာ။** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်စွဲပါ စာအမှတ်၊ ဘခ- ၁/ ၃/ ၁၅ (၂၈၉၀/၂၀၂၅)

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

အမှတ် ၂။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဦးရှိတိုး)/၂၀၂၅(၁၃၁၀၀) နှင့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၂၅) ၏ သဘောတူညီချက်အရ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသနဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဖြိုးဖြိုးနန္ဒာအား သုတေသနဌာနခွဲ၌ လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ခင်သီတာ
ညွှန်ကြားရေးမှူးချုပ်
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**In the matter of Myanmar Nouveau Company Limited**

(In Creditors' Voluntary Winding-Up)

[Notice Under Section 209 (H) of the Myanmar Companies Act]

Notice of holding Final General Meeting and Creditors' Meeting

Notice is hereby given that the Final General Meeting and Creditors' Meeting of the above Company under Section 209 (H) of the Myanmar Companies Act will be held at No. 22, Pyay Road, Mayangone Township, Yangon Region, Myanmar on 28th January, 2026 at 2:00 pm for the purpose of laying Liquidator's Statements of Accounts of the final winding-up and giving any explanation thereof.

Daw Nu War

(B.Com, CPA, D.B.L, ASEAN CPA,

Member of Myanmar Association of Insolvency Practitioners Inc.)

Liquidator

Myanmar Nouveau Company Limited

(In Creditors' Voluntary Winding-up)

## Shwe Pyi Nann (SPN) Distribution Group Co., Ltd

## အစုရှင်များဆန္ဒအလျောက် ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာခြင်း

**Shwe Pyi Nann (SPN) Distribution Group Co., Ltd** အား အစုရှယ်ယာရှင်များဆန္ဒအလျောက် (၃၀-၉-၂၀၂၅) နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သာမန်ထက်ထူးကဲသော အစည်းအဝေးဆုံးဖြတ်ချက်အရ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်သင်းကြူ အမှတ် ၂၀/၂၂ (B)၊ ချယ်ရီကွန်ဒို၊ အခန်း (A)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၅-၁-၂၀၂၆) ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

U Win Naing
Managing Director
Shwe Pyi Nann (SPN) Distribution Group Co., Ltd

Daw Khin Thinn Kyu
B.Com, Q, CPA (PAPP–517,MAIP–187)
Financial Consultant & Liquidator